ရှုးချင်ယောင် ဆောင်သူများ ================== NLD ပါတီ ဖျက်သိမ်းကြောင်းကို စစ်အစိုးရက မနေ့က ကြေညာသွားခဲ့သည်။ ထို့အတွက် အမေစုနှင့် NLD ထောက်ခံကြသူများက မခံမရပ်နိုင်ဖြစ်ကာ အနည်းဆုံး ဖေ့စ်ဘွတ်ခ်ပေါ်မှာဖြစ်ဖြစ် ပေါက်ကွဲကြလိမ့်မည်ဟု သင်ထင်သလော။ မှားမည်။ တကောင်တမြီးမှ ပို့စ်တင်ကာ ကန့်ကွက်သံမကြားရ။ ဘာမှမဖြစ်သလို အမြီးကို ဖင်ကြားသိုကာ ငြိမ်ချက်သားကောင်းနေကြသည်။ ဤသည်ကို သင်အံ့သြနေပါသလား။ မအံ့သြနှင့်။ ထိုသူများသည် ရှေးမတိုင်မီကလည်း ဤသို့ပင် မကြာခဏ ပြုမူဖူးသည်။ ၁၉၉၀ ရလဒ်ကို စစ်အစိုးရက ၁/၉၀ ကြေညာချက်ဖြင့် အသိအမှတ်မပြုဘဲ ငြင်းပယ်လိုက်သောအခါ NLDကို တခဲနက်မဲထည့်ခဲ့သူအပေါင်းသည် ဘာမှမဖြစ်သလို ရှုးချင်ယောင်ဆောင်ခဲ့ဖူးသည်။ သူတို့အလွန်ချစ်ခင်ကြည်ညိုသော ဒေါ်စုကို အကျယ်ချုပ်ချလိုက်သောအခါတွင်လည်း ရှုးချင်ယောင်ဆောင်ခဲ့ဖူးသည်။ တဖန် ခြေဥပြင်ဆင်ရေးအတွက် ၄၃၆ လက်မှတ်ထိုးလှုပ်ရှားမှုကြီးကို အမျိုးသားရေးတာဝန်ကြီးတရပ်သဖွယ် ဂုဏ်ယူဝံ့ကြွားခဲ့သော သူကောင့်သားအပေါင်းသည်လည်း လက်မှတ်ငါးသန်းပလုံသွားသောအခါ ဘာမှမဖြစ်သလို ရှုးချင်ယောင်ဆောင်ခဲ့ဖူးသည်။ ဤမျှမကသေး။ ၅၉(စ)အရ ဒေါ်စု သမ္မတမဖြစ်နိုင်သည်ကို သမ္မတဖြစ်ရေး အတင်းကြွေးကြော်ကြပြီး ဦးထင်ကျော်သမ္မတဖြစ်လာသောအခါ အမေစုသမ္မတမဖြစ်သည်ကို မသိချင်ယောင်ဆောင်ပြီး ဦးထင်ကျော်ကို ကွန်ကရက်ကျူလေးရှင်း လုပ်ကြပြန်လေသည်။ အတော်တတ်နိုင်သော လူစုပါပေ။ မြန်မာနိုင်ငံရေးတွင် အမေစုမရှိလျှင် ဘယ်လိုလုပ်မလဲ မေးခွန်းကို တွင်တွင်မေးတတ်ကြပြီး တကယ်တမ်း ဒေါ်စုကို ကြက်ကလေးငှက်ကလေးသဖွယ် ဖမ်းသွားသောအခါ တနှစ်အတွင်း ငြိမ်သက်ခြင်းသို့ ရောက်သွားကြလေသည်။ ဒေါက်ဖိနပ်လျှောက်သံ မကြားရလည်း ဘာမှဖြစ်ပုံမရတော့။ ဟော၊ ယခုတော့ ပါတီဝင်ပေါင်းသန်းချီရှိပြီး ၂၀၂၀ ရွေးကောက်ပွဲတွင် တခဲနက်မဲထည့်လိုက်သော NLD ပရိသတ်ကြီးသည် ပါတီဖျက်သိမ်းကြောင်း ကြေညာလိုက်သောအခါ အနေမပျက်၊ အစားမပျက်၊ အအိပ်မပျက်။ လမ်းထဲက ခွေးနှစ်ကောင်ကိုက်သည့် ပွဲလောက်ပင် စိတ်ဝင်စားဟန်မရှိ။ ရှုးချင်ယောင်ဆောင် ငြိမ်သက်လျက်ရှိကြသည်။ ကျွန်ုပ်စဉ်းစားမိသည်မှာ ထိုသူများသည် "ဘူးသီးမှ အရီးတော်ချင်သည်" ဆိုသည့် စကားလို အသာဖက်ရောက်မှ အားပေးချင်သော "သာကူး"စိတ်ဓါတ်ပိုင်ရှင်များသာ ဖြစ်ပုံရလေသည်။ ဒေါ်စုအမြင့်သို့ရောက်စဉ်က "အမေ့အတွက် သွေးအသက်ကို နှင်းဆက်ဝံ့ပါသည်"ဆိုသူများသည် ယခုအခါ NLD နှင့် အမေစု အကြောင်း လေသံကို ဟမိလျှင် အမှုပတ်မည်ကို စိုးရိမ်သောကြောင့် အီးတောင်ကျယ်ကျယ် မပေါက်ဝံ့ကြတော့။ "ဘု"ကနဲ အသံထွက်သွားလျှင် "စု"ဟု နားကြားလွဲသွားမည်ကို စိုးရိမ်ကြရော့ထင့်။ ဤသည်မှာ ဒေါက်ဖိနပ်လျှောက်သံ နိုင်ငံတော်ကြီးတွင် ယနေ့ဖြစ်ပေါ်နေသော အခြေအနေပင်ဖြစ်သည်။ "အတ္တာဟိ အတ္တနော နာထော" မိမိကိုယ်သာ ကိုးကွယ်ရာဟူသော ဗုဒ္ဓအဆုံးအမကို မိမိအတွက် အတ္တများလေလေ(ကိုယ့်အတွက်ကိုယ်သာ ကြည့်လေလေ) "နာထော" - ငါများများထောလေလေဟု အဓိပ္ပါယ်ဖွင့်ကြလေသလော မပြောတတ်။ ကိုယ့်အတွက်ကိုယ်သာကြည့်တတ်သူများနှင့်

ပြည့်နှက်နေသော လူ့အဖွဲ့အစည်းသည် အဘယ်မှာ သာယာဝပြောသော လူ့အဖွဲ့အစည်းဖြစ်မည်နည်း။ ကိုယ်ကျိုးကိုသာ ကြည့်ကြခြင်းဖြင့် အဆုံးသတ်တွင် အားလုံးအကျိုးယုတ်ကုန်ကြတော့သည်။ လူ့ဒါန်းရာတွင်ပင် လူဖြစ်လျှင်လည်း လူ့ချမ်းသာ၊ နတ်ဖြစ်လျှင်လည်း နတ်ချမ်းသာ ဆုတောင်းကြသူတွေမှာ အတ္တကင်းဝေးနေနိုင်ရေးက ခက်သည်။ အတ္တမကင်းလျှင် ဘုရားရှေ့မှာ ဖင်ဘူးတောင်းထောင် ဆုတောင်းလည်း နိဗ္ဗာန်မရနိုင်။ လောလောဆယ်တော့ တပြည်လုံး လူ့ငရဲကို ကြုံကြရပေပြီ။ ဤသည်ကိုလည်း ဘာမှမဖြစ်သယောင် ရှုးချင်ယောင်ဆောင်ကြပေဦးမည်။ အလွန်အမင်း ချစ်စရာကောင်းသူများပင်။ Aung Naing Moe မှ

**Toe Lwin**
29 March at 04:06 ·

Follow

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နိုင်ငံရေးရပ်တည်ချက် (၂)

(၂၆) ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ (၂၈) ရက်နှင့် (၂၉) ရက်နေ့များတွင် မဟတ္တမဂန္ဒီ ခန်းမဆောင်ကြီးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ၁၉၉၀ ခုနှစ်၊ စက်တင်ဘာလ တွင် ပြည်သူ့လွှတ်တော်ကို ခေါ်ယူဖွဲ့စည်းရေးပေးရန် တောင်းဆိုကြေညာခဲ့သော်လည်း နဝတအစိုးရမှ သတ်မှတ်တောင်းဆိုရက်အတွင်း ပြည်သူ့လွှတ်တော်ကို မခေါ်ယူပေးခဲ့ပါဘူး။ ဒါကြောင့် ၁၉၉၀ ခုနှစ်၊ နိုဝင်ဘာလအစောပိုင်းတွင် NLD မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အယောက် (၁၀၀) နီးပါးခန့်တို့က မန္တလေးမြို့ အမရပူရမြို့နယ်တွင် ယာယီအစိုးရတရပ် ဖွဲ့စည်းနိုင်ဖို့ရန် အရေးပေါ် အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ကြပါတယ်။ အဆိုပါ အစည်းအဝေးမှာ NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်ခဲ့သော အစည်းအဝေးပွဲ မဟုတ်ခဲ့ပဲ၊ NLD CEC အဖွဲ့အပေါ် အားမရသော၊ ငယ်ရွယ်တတ်ကြွသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက သူတို့ဘာသာ အချင်းချင်း ချိတ်ဆက်ဆောင်ရွက် ကျင်းပပြုလုပ်ခဲ့သော အစည်းအဝေး တခုသာဖြစ်ပါတယ်။

(၂၇) အထက်ပါအစည်းအဝေးပွဲ ခေါ်ယူကျင်းပခဲ့ပြီးနောက်ပိုင်းမှာ အစည်းအဝေးပွဲကို တက်ရောက်ခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အယောက် (၆၀) နီးပါးခန့်တို့ဟာ ၁၉၉၀ နိုဝင်ဘာလ အစောပိုင်းတွင် ဖမ်းဆီးခံခဲ့ရပြီး၊ နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခံခဲ့ရပါတယ်။ အမျိုးသားဒီမိုကရေစီပါတီ (Party for National Democracy- PND) မှ ဒေါက်တာစိန်ဝင်းနှင့် NLD မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တဒါဇင်ခန့်မှာ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံနယ်စပ်များသို့ ထွက်ပြေးခဲ့ ရပါတယ်။ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့မှာ NLD ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ ဖမ်းဆီး အထိန်းသိမ်းခံရပြီးနောက်ပိုင်း NLD ယာယီဥက္ကဋ္ဌ တာဝန်ယူခဲ့သော ဦးကြည်မောင်သည်လည်း ၁၉၉၀ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး ထောင်ဒဏ် (၅)နှစ် ချမှတ်ခံခဲ့ရပါတယ်။ ၁၉၉၀ ခုနှစ်၊ ဒီဇင်ဘာလ နှစ်ကုန်ပိုင်းတွင် ဦးအောင်ရွှေ မှ NLD ယာယီဥက္ကဋ္ဌ တာဝန်ယူခဲ့ရပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အခက်အခဲကြားမှ ဆက်လက်ဦးဆောင်မှု ပေးခဲ့ပါတယ်။ နယ်စပ်ဒေသများသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့သော ဒေါက်တာစိန်ဝင်းနှင့် NLD ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တဒါဇင်ခန့်တို့မှာ ၁၉၉၀ ဒီဇင်ဘာလ (၁၈) ရက်နေ့မှာ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (National Coalition Government of the Union of Burma - NCGUB)ကို KNU နယ်မြေ၊ မာနယ်ပလောတွင် ဖွဲ့စည်းခဲ့ကြပါတယ်။

(၂၈) ၁၉၉၁ မတ်လ (၂၆) ရက်နေ့မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့အား အဖွဲ့ဝင် (၁၀)ဦးဖြင့် ပြောင်းလဲဖွဲ့စည်းခဲ့ရာ ဦးအောင်ရွှေက ဥက္ကဋ္ဌနှင့် ဦးလွင်က အတွင်းရေးမှူးတာဝန်တို့ ယူခဲ့ကြပြီး NLD ပါတီကို ဆက်လက်ဦးဆောင်မှု ပေးခဲ့ကြပါတယ်။ ၁၉၉၁ ခုနှစ်ဟာ NLD ပါတီကြီး၏ နိုင်ငံရေးခရီးကြမ်း အပြင်းထန်ဆုံး နှစ်ကာလဖြစ်ခဲ့ပါတယ်။ ထိုအချိန်ကာလ ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ခဲ့သော ၂၆.၄.၉၁ ကော်မရှင်ဥပဒေမှာ နိုင်ငံရေးပါတီများကို ရည်ရွယ်ချက်ရှိရှိ ဖျက်သိမ်းရန် ထုတ်ပြန်ခဲ့သော ဥပဒေသာ ဖြစ်ခဲ့ပါတယ်။ ပါတီအဖွဲ့ဝင်များ ထောင်ဒဏ်ကျခဲ့ရလျှင် ပါတီဝင်အဖြစ်မှ ထုတ်ပယ်ပေးရခြင်း၊ ပါတီအလုပ်အမှုဆောင် အဖွဲ့ဝင် (၅)ဦးထက် လျော့နဲ့သွားလျှင် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ပြည်နယ်နှင့် တိုင်း အလုပ်အမှုဆောင်အဖွဲ့များကို ဖျက်သိမ်းပေးရသည့်အပြင် မြို့နယ်၊ ပြည်နယ်နှင့် တိုင်း စည်းရုံးရေးအဖွဲ့များ ( ထိုအချိန်က ညီလာခံ မကျင်းပရသေး၍ အလုပ်အမှုဆောင်အဖွဲ့ဟု မသုံးပါ) ပျက်သွားခဲ့လျှင် (၅ ဦးထက်လျော့သွားခဲ့လျှင်) ပြန်လည် အစားထိုးရွေးချယ်ခွင့်လည်း လုံးဝမရှိကြောင်းကို ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်သည့် ဥပဒေဖြင့် ကန့်သတ်ခဲ့ပါတယ်။ ဒါကြောင့် မြို့နယ်၊ တိုင်းနှင့် ပြည်နယ် စည်းရုံးရေးအဖွဲ့များ ပျက်သွားခဲ့လျှင် မြို့နယ်၊ တိုင်းနှင့် ပြည်နယ် အဖွဲ့ချုပ် NLD ရုံးခန်းများပါ ဆိုင်းဘုတ်ဖြုတ်ချပေးခဲ့ရပါတယ်။ မြို့နယ်အသီးသီးရှိ NLD ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တိုင်းဟာ NCGUB အစိုးရအဖွဲ့ နှင့် မပက်သက်ကြောင်း၊ NCGUB ကို မထောက်ခံကြောင်း သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးတွေမှာ သွားရောက်၍ ကတိခံဝန်ချက် လက်မှတ်များ ထိုးပေးခဲ့ရပါတယ်။ ဦးအောင်ရွှေအပါအဝင် NLD CEC အဖွဲ့ဝင်အားလုံး
လည်း ပြည်ထဲရေးဝန်ကြီးဌာန (ယခု ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ရုံး)သို့ သွားရောက်ကာ ကတိခံဝန်လက်မှတ်ထိုးခဲ့ရပါတယ်။ ၁၉၉၀ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေဖြစ်ကြတဲ့ ဦးဝင်းမြင့်၊ ဦးထွန်းထွန်းဟိန်၊ ဦးဟန်သာမြင့်၊ ဦးညဏ်ဝင်း၊ ဒေါက်တာအောင်မိုးညို၊ ဒေါ်ခင်ဌေးကြွယ်၊ ဒေါ်နန်းခင်ထွေးမြင့်၊ ဒေါ်မေဝင်းမြင့်၊ ဒေါက်တာမျိုးညွန့်၊ ဦးတင်ထွဋ်ဦး၊ မန်ဂျော်နီ၊ ဦးအောင်ကြည်ညွန့်တို့အားလုံးဟာလည်း NCGUB နဲ့ မပက်သက်ကြောင်း၊ NCGUB အစိုးရကို မထောက်ခံကြောင်း သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်နဲ့ မြို့နယ်အာဏာပိုင်တွေရှေ့မှာ ကတိခံဝန်ချက်လက်မှတ် ထိုးပေးခဲ့ရပါတယ်။ (စကားချပ်။ ။ ထိုအချိန် ကာလတွင် ဆိုရှယ်မီဒီယာများ ပေါ်ပေါက်ခဲ့ပါလျှင် ၎င်းတို့အားလုံးမှာ တော်လှန်ရေးသစ္စာဖောက်များ၊ ဒလန်များဟု တံဆိပ်တပ်ခံရနိုင်ပါသည်။)

(၂၉) ထောင်ကျသွားခဲ့သော အဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အဖွဲ့ချုပ် ပြည်နယ်/တိုင်း၊ မြို့နယ်၊ ရပ်ကျေး ခေါင်းဆောင်များနှင့် အဖွဲ့ချုပ်အဖွဲ့ဝင်တွေဟာ ၁၉၉၁ ခုနှစ် နှစ်ကုန်ပိုင်းမှာ NLD ပါတီမှ ထုတ်ပယ်ခြင်းခံခဲ့ရပါတယ်။ ၁၉၉၁ ခုနှစ် ဒီဇင်ဘာလ (၁၁) ရက်နေ့စွဲဖြင့် အဖွဲ့ချုပ်ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့ကို NLD ပါတီမှ ထုတ်ပယ်လိုက်ကြောင်း ဥက္ကဋ္ဌ ဦးအောင်ရွှေ လက်မှတ်ဖြင့် စာထွက်လာခဲ့ပါတယ်။ ၁၉၉၂ နှစ်ဆန်းပိုင်းမှစ၍ ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်စုကြည်တို့အား NLD မှ ထုတ်ပယ်လိုက်ခြင်းအပေါ် မကျေနပ်ကြသော၊ အပြင်းအထန်ကန့်ကွက်ကြသော အဖွဲ့ချုပ်
ခေါင်းဆောင်များ၊ အဖွဲ့ဝင်များ (အထူးသဖြင့် အဖွဲ့ချုပ်လူငယ်ထု) နှင့် ဦးအောင်ရွှေ ဦးဆောင်သော NLD CEC တို့ကြား ပြဿနာများဟာ အလွန်ပြင်းထန် ကြီးမားခဲ့ပါတယ်။ ဥက္ကဋ္ဌ ဦးအောင်ရွှေ ဦးဆောင်သော NLD CEC အဖွဲ့ကလည်း အဖွဲ့ချုပ်မှ ချမှတ်ထားသော ပါတီစည်းမျဉ်းစည်းကမ်းများနှင့် မူဝါဒများအပေါ် ချိုးဖောက်ကြသော NLD ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်များကို NLD ပါတီမှ ထုတ်ပယ်ခဲ့ပါတယ်။ ထိုအချိန်ကာလ မြန်မာပြည်နိုင်ငံရေး မှန်တိုင်းထန်နေချိန်၊ NLD ပါတီကြားမှာလည်း စည်းလုံးညီညွတ်မှု အပြိုကွဲဆုံးကာလ ဖြစ်ခဲ့ပါတယ်။ သို့သော်လည်း ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် အတွင်းရေးမှူး ဦးလွင်တို့မှ NLD ပါတီ

ကြီး ရှင်သန်ရပ်တည်ရေးကို ဦးစားပေးကာ အဖွဲ့ချုပ်ကြီးကို အခက်အခဲ အကြပ်အတည်းကြားမှာ ရှန်းကန်လှုပ်ရှား ဦးဆောင်မှုပေးခဲ့ကြပါတယ်။

(၃၀) ထိုကဲ့သို့ အခက်အခဲ အကြပ်အတည်း ပြဿနာပေါင်း များစွာကြားကပင် တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းများဖြင့်သာ ဖြေရှင်းအဖြေရှာနိုင်ရန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကြီးနှင့် ပါတီအဖွဲ့ဝင်အားလုံး လိုက်နာကိုင်စွဲကြရမည့် သမိုင်းဝင် NLD မူ (၇)ချက်ကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ဗဟိုကော်မတီ အဖွဲ့ဝင်များအားလုံး ပါဝင်သောအစည်းအဝေးမှ ချမှတ်၍ တိုင်းပြည်သို့ ထုတ်ပြန်ကြေညာခဲ့ပါတယ်။
အဆိုပါ NLD မူ (၇)ချက်မှာ ...
(က) ပွင့်လင်းရိုးသားမှုနှင့် အပြန်အလှန်လေးစားလိုက်နာရေး၊
(ခ) တစ်မျိုးသားလုံးပြန်လည်သင့်မြတ်ရေး(ဤကိစ္စသည် အမျိုးသား စည်းလုံးညီညွတ်ရေးပင်ဖြစ်သည်)
(ဂ) ငြိမ်းချမ်းချောမွေ့သောနည်းကို အသုံးချရေး၊
(ဃ) အာဃာတကင်းစင်သော အထွေထွေသဟဇာတဖြစ်မှုကို ရှေ့ရှုရေး၊
(င) အပြန်အလှန်လေးစားရေး၊
(စ) အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး၊
(ဆ) အပြန်အလှန် နားလည်မှုရှိရေး
စသည့် ဒီမိုကရေစီကျင့်စဉ်များဖြင့် မြန်မာနိုင်ငံကို စစ်မှန်သော ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် တည်ဆောက်ရန်အတွက် NLD ၏ မူဝါဒများ ချမှတ်ခဲ့ပါတယ်။ အဆိုပါ NLD မူ (၇)ချက်ကို အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်တကွ အဖွဲ့ဝင်အားလုံးက ယနေ့အထိတိုင်ပင် လက်ခံလိုက်နာကျင့်ကြံ ကိုင်စွဲလာခဲ့ကြပါတယ်။

(၃၁) ၁၉၉၅ ခုနှစ် နှစ်ဆန်းပိုင်းတွင် အဖွဲ့ချုပ်ခေါင်းဆောင် ဦးတင်ဦးနှင့် ဦးကြည်မောင်တို့ အကျဉ်းထောင်များမှ ပြန်လည်လွတ်မြောက်လာခဲ့ပါတယ်။ ၁၉၉၅ ဇူလိုင်လ (၁၀) ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်အဖြစ် တားဆီးထားသည့်အမိန့်အား နဝတအစိုးရမှ ပြန်လည်ရုတ်သိမ်းပေးခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ်ခေါင်းဆောင်များဟာ ပြန်လာလွတ်မြောက်လာပြီးနောက်ပိုင်းမှာ တိုင်းရင်းသားများအရေးနှင့်စပ်လျဉ်း၍ မူဝါဒများ၊ လုပ်ငန်းစဉ်များကို သေချာချမှတ်အကောင်ထည်ဖော် ဆောင်ရွက်ခဲ့ကြပါတယ်။ ၁၉၉၈ ခုနှစ် စက်တင်ဘာလ (၁၆) ရက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP) ကို ရှမ်း၊ မွန်၊ ရခိုင်၊ ချင်း နိုင်ငံရေးပါတီခေါင်းဆောင်များနှင့် ညီညွတ်စွာ ပူးပေါင်းဖွဲ့စည်းခဲ့ကြပါတယ်။ CRPP ဖွဲ့စည်းပြီး နောက်ပိုင်းကာလများတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားပါတီခေါင်းဆောင်များ အတိုင်းအတာတခုအထိ ညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့ကြပါတယ်။

(၃၂) တိုင်းရင်းသားများအရေးနှင့်စပ်လျဉ်း၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မူဝါဒများ၊ ကြေညာချက်များနှင့် ကြေညာစာတမ်းများ များစွာရှိခဲ့ပါတယ်။ အဆိုပါ မူဝါဒများ၊ ကြေညာချက်များမှ ကောက်နုတ်ချက်များကို ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၁၉) ရက်နေ့စွဲဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်သူလူထုတရပ်လုံး နားလည်သိရှိနိုင်ရန် ဖြန့်ဝေခဲ့ပါတယ်။ NLD ၏ တိုင်းရင်းသားလူမျိုးများအရေး နှင့်စပ်လျဉ်း၍ ထားရှိသည့်သဘောထားအနှစ်ချုပ်များမှာ ...
(က) အမိမြန်မာနိုင်ငံတော်ကို "ပြည်ထောင်စုမြန်မာနိုင်ငံတော်"အဖြစ် ဖွဲ့စည်းတည်ဆောက်သင့်သည်။
(ခ) တိုင်းရင်းသားလူမျိုးများနှင့် ပေါင်းစပ်ဖွဲ့စည်းထားအပ်သော အမိနိုင်ငံတော်၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေး၊ သာယာဝပြောရေးနှင့် တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားလူမျိုးများ၏ သွေးစည်းညီညွတ်ရေးသည် အခြေခံအကျဆုံးသော လိုအပ်ချက်ဖြစ်သည်။
(ဂ) ပြည်ထောင်စု၏အကျိုး၊ တိုင်းရင်းသားပြည်သူတို့၏အကျိုးကို ဖော်ဆောင်ကြရာ၌ တိုင်းရင်းသား လူမျိုးအချင်းချင်း တန်းတူရည်တူမှုဖြင့် သံသယစိတ်ကင်းစွာ အပြန်အလှန်ယုံကြည်ကြရန်နှင့် အပြန်အလှန်ကူညီရိုင်းပင်းကြရန်၊ အတူတကွ တက်ညီလက်ညီ လုပ်ကိုင်ဖော်ဆောင်ကြရန်နှင့် နိုင်ငံတော်၏ အသီးအပွင့်များကို မိမိတို့၏ ကာယ၊ ဉာဏ၊ ဝီရိယစွမ်းအားအလိုက် အကျိုးခံစားခွင့် ရှိကြရန် လိုအပ်သည်။
(ဃ) တစ်နိုင်ငံလုံးနှင့်ဆိုင်သော ကိစ္စရပ်များကို စုပေါင်း အကောင်အထည်ဖော်ကြ၍ ထူးခြားသော အခြေအနေအရ၊ လူမျိုးစုများဆိုင်ရာ မိမိတို့မြတ်နိုးတန်ဖိုးထားသည့် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ၊ စောင့်ထိန်းအပ်သည့် ဓလေ့ထုံးတမ်းများကို သီးခြားလွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့် ရှိကြရန်လိုအပ်သည်ဟု NLD ပါတီ၏ သဘောထားများကို ဖော်ပြခဲ့ပါတယ်။

(၃၃) အထက်ပါသဘောထားများနှင့်အညီ စစ်မှန်သော ပါတီစုံဒီမိုကရေစီနိုင်ငံတော်အဖြစ် အမိမြန်မာနိုင်ငံတော်ကို "ပြည်ထောင်စုနိုင်ငံတော်" အဖြစ် တည်ဆောက်ရန်နှင့် ငြိမ်းချမ်းတည်ငြိမ်ပြီး လူတစ်ဦးချင်း၏ အခွင့်အရေးများ၊ တိုင်းရင်းသားလူမျိုးများဆိုင်ရာ အခွင့်အရေးများ၊ ခံစားပိုင်ခွင့် ရှိသော စီးပွားရေးဘဝ ခိုင်ခန့်မှု စသည်တို့ကို အာမခံသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သစ်ကို အောင်မြင်စွာ တည်ဆောက်နိုင်ရေး ဖြစ်ပါသည်ဟုလည်းကောင်း၊ NLD၏ မူ(၇)ချက်ဖြစ်သော ဒီမိုကရေစီကျင့်စဉ်များဖြင့် မြန်မာနိုင်ငံကို စစ်မှန်သော ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် တည်ဆောက်ရန်ဖြစ်သည်။ သို့တည်ဆောက်ရာတွင် တိုင်းရင်းသားလူမျိုးစုများအနေဖြင့် တန်းတူရည်တူ အခွင့်အရေးများ ရရှိစေလျက် မလွဲမသွေပါဝင်ရမည်။ ၎င်းတို့၏ ယဉ်ကျေးမှုအရ စာပေများကို လွတ်လပ်စွာ သင်ကြားခွင့်ပေးရမည်။ လေးစားကြရမည်။ အဆိုပါအကြောင်းများကြောင့် စစ်မှန်သော ဒီမိုကရေစီပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တိုင်းရင်းသားလူမျိုးစုများ ပါဝင်ခြင်းမရှိပဲ တည်ဆောက်နိုင်မည်မဟုတ်။ တည်ဆောက်ပါကလည်း ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး မဖြစ်နိုင်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၁၉.၈.၂၀၀၄ ရက်နေ့စွဲဖြင့် အတိအလင်းဖော်ပြခဲ့ပါတယ်။

(၃၄) ၂၀၀၅ ခုနှစ်၊ ဧပြီလ (၁၉) ရက်နေ့စွဲဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တိုင်းရင်းသားများအရေးနှင့် ပက်သက်၍ မူဝါဒ (၄)ရပ်ကို ထပ်မံကြေညာခဲ့ပါတယ်။ ၎င်းမူဝါဒများမှာ ..
(၁) အမိမြန်မာနိုင်ငံတော်ကို ဒီမိုကရေစီကျင့်စဉ်များဖြင့် စစ်မှန်သော "ပြည်ထောင်စုမြန်မာနိုင်ငံတော်" အဖြစ် ဖွဲ့စည်းတည်ဆောက်ရန်၊
(၂) တိုင်းရင်းသားလူမျိုးအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှုဖြင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေး၊

ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေးကို ဦးတည်ရှေ့ရှုမည်။
(၃) ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပါဝင်သည့် ပြည်နယ်/တိုင်းစသည် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမျှ ခွဲမထွက်ရ၊
(၄) နိုင်ငံတော်သည် တန်းတူရည်တူဖြစ်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသော တိုင်းရင်းသား လူမျိုးနွယ်စုများနှင့် ပေါင်းစပ်ဖွဲ့စည်းထားသော နိုင်ငံဖြစ်သည်ဟု ဖော်ပြထားခဲ့ပါတယ်။
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထက်ပါမူများနှင့် မကိုက်ညီသည့် ကြိုးစည်ချက်များ၊ လုပ်ဆောင်ချက်များ၊ စင်ပြိုင်အစိုးရ ဖွဲ့စည်းခြင်းများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် လုံးဝလက်မခံနိုင်ကြောင်း တိုင်းပြည်နှင့် ပြည်သူလူထုအားလုံးသိရှိရန် ရှင်းရှင်းလင်းလင်း ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အဆိုပါ အရေးကြီးသော ထုတ်ပြန်ကြေညာချက် (ဓါတ်ပုံတွင်ပါဝင်သည်)တွင် NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဗဟိုရုံးအဖွဲ့မှူးဖြစ်သူ ဦးဝင်းမြင့် (ယခု NLD ဒုဥက္ကဋ္ဌ)၏ လက်မှတ် (Initial Signature) ပါဝင်သည်ကို NLD အဖွဲ့ဝင်များအနေဖြင့် သတိပြုရန် လိုအပ်ပါကြောင်း လေးနက်စွာ အသိပေးအပ်ပါတယ်။
(ဆက်ရန်)

တိုးလွင်
NLD
28.3.2023

Like Share

292

51 shares

**Thein Myint**
တာဝန်ကျေပါတယ် ကိုတိုးလွင်
လိုက်နာ ခြင်း၊ မလိုက်နာခြင်း
လက်ခံ ခြင်း၊ လက်မခံခြင်းက
ခံယူသူတွေရဲ့ သဘောပါ၊
သို့သော်
ဖြတ်သန်းလာခဲ့တဲ့ခရီးလမ်းတလျှောက်ရဲ့သမိုင်းဖြစ်ရပ်မှန်တွေကို မှန်မှန်ကန်ကန်ရှင်းလင်းပြောပြပေးနိုင်တဲ့အတွက် လဲအထူးကျေးဇူးတင်ပါတယ်၊
4
on Wed Like More

**Aungko Ko**
လေးစားပါတယ် ကိုတိုးလွင်
ငြိမ်းချမ်းစွာ အဖြေရှာခြင်းသာ အဖြေမှန်ပါ။
တိုင်းပြည်တည်ဆောက်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊အမျိုးသားပြန်လည်သင့်မြတ်ရေးတွေ ဖော်ဆောင်ရမည့် ပန်းတိုင်ဟာ နိုင်ငံရေးသမားတိုင်းရဲ့ တာဝန်ဖြစ်ပါတယ်။
2
on Wed Like More




အမျိုးသားညီညွတ်ရေးအစိုးရ၏ ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီအစည်းအဝေး အမှတ်စဉ် (၁၃/၂၀၂၃)တွင် ပြောကြားသည့် ပြည်ထောင်စုဝန်ကြီးချုပ်၏ အဖွင့်မိန့်ခွန်း (၂၀၂၃ ခုနှစ်၊ မတ်လ ၃၀ ရက်) ဒီနေ့ (၁၃/၂၀၂၃) အစည်းအဝေးကို လုပ်ငန်းတာဝန်တွေ များပြားတဲ့ကြားကနေ မပျက်မကွက် တက်ရောက်ပေးနေကြတဲ့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အတွင်းဝန်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ အလားတူပဲ မြေပြင်မှာ ပဋိပက္ခတွေတင်းမာနေတဲ့ မြို့နယ်တွေထဲကတစ်ခုဖြစ်တဲ့ ရေစကြိုမြို့နယ်နဲ့ ဗဟိုကော်မတီ အတွင်းရေးမှူးအဖွဲ့ဝင် အတွင်းဝန်တွေ တွေ့ဆုံဆွေးနွေးကြတယ်လို့ သိရတဲ့အတွက်လည်း ဝမ်းမြောက်

မိပါတယ်။ ဒီလိုတွေ့ဆုံခြင်းအားဖြင့် မြေပြင်မှာဖြစ်နေကြတဲ့ တင်းမာမှုတွေကိုလည်း အတော်အတန် လျော့ချနိုင်လိမ့်မယ်လို့ ယူဆပါတယ်။ ဒါပေမယ့်လည်း လုံးဝပြေလည်သွားတဲ့အထိ ဆောင်ရွက်ပေးနိုင်ဖို့ကိုလည်း ဆက်လက်ကြိုးစားကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကာကွယ်ရေးဝန်ကြီးဌာန အနေနဲ့လည်း ရေစကြိုမှာဖြစ်နေတဲ့ ပြဿနာတွေနဲ့ပက်သက်ပြီး အမြန်ဆုံးဆက်လက် ဆောင်ရွက်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဲ့ဒီလို မြေပြင်ရဲ့အခက်အခဲနဲ့ ပဋိပက္ခတွေကို ပြေလည် အောင်ဖြေရှင်းဖို့ ကြိုးပမ်းတဲ့နေရာမှာ မြို့နယ်တစ်ခုချင်းစီရဲ့ ပကတိအခြေအနေအမှန်ကို သိရှိထား ကြဖို့ကလည်း ပြဿနာများကိုဖြေရှင်းနိုင်မယ့် နည်းလမ်းတစ်ခု ဖြစ်တာကြောင့် မြေပြင်ရဲ့သတင်း အချက်အလက်များကို ပြုစုထားဖို့ အမြဲမပြတ် ညွှန်ကြားချက်တွေ ပေးနေရခြင်း ဖြစ်ပါတယ်။ ဒီလအတွင်းမှာ media ပေါ်ထိတက်လာတဲ့ ကိစ္စတွေလည်း ရှိနေသလို တိုင်စာတက်လာတဲ့ ကိစ္စတွေလည်း ရှိနေပါတယ်။ ဝက်လက် PDF အမှတ် (၂) တပ်ရင်းက လက်နက်တပ်ဆင်ရန်အတွက် တစ်အိမ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းကောက်ခံနေမှုကိုလည်း တာဝန်ရှိသူတွေအနေနဲ့ သေသေချာချာ စုံစမ်း မေးမြန်းပြီး နောင်ကိုမဖြစ်ရအောင် စီမံဆောင်ရွက်သွားဖို့ လိုပါတယ်။ ဒီလိုပဲ ပခုက္ကူမှာလည်း ဖမ်းပြီးငွေကြေးတောင်းခံတဲ့ ပြဿနာက တော်တော်သတင်းတွေထွက်လာတာ ရှိပါတယ်။ ဒါတွေနဲ့ ပါတ်သက်ပြီးလည်း အတွင်းရေးမှူးအဖွဲ့အနေနဲ့ ကာကွယ်ရေးဝန်ကြီးဌာန အတွင်းဝန်နဲ့ပါ သေချာ ညှိနှိုင်းတိုင်ပင်ပြီး အမြန်ဆုံးဆောင်ရွက်သင့်ပါတယ်။
အကယ်၍ နောက်ပိုင်းမှာ မူဝါဒခိုင်ခိုင်မာမာနဲ့ တာဝန်ရှိသူအဆင့်ဆင့်က စီမံဆောင်ရွက်နိုင်ပြီဆိုရင်တော့ ဗဟိုကော်မတီအထိ ပါဝင်နေစရာ မလိုတော့ပေမယ့် အခုလိုကာလမျိုးမှာတော့ ပင်ပန်းကြပေမယ့်လည်း ပိုပြီးထိရောက်မှုရှိအောင် အတွင်းရေးမှူးအဖွဲ့ဝင်များက ကြိုးစားပေးကြဖို့ တိုက်တွန်းလိုပါတယ်။
ပြီးခဲ့တဲ့တစ်ပတ်အတွင်းမှာပဲ ဖြစ်ပေါ် ခဲ့တဲ့ အခြေအနေအရပ်ရပ်ကို ပြန်လည်သုံးသပ် ကြည့်မယ် ဆိုရင် အကြမ်းဖက်စစ်တပ်ဟာ အင်အားချိနဲ့နေပြီဆိုတာ ပိုပြီးပေါ်လွင်လာပါတယ်။ တိုက်ပွဲတိုင်းမှာ ပြန်လည်တိုက်ခိုက်ဖို့ထက် လက်နက်ချအညံ့ခံတဲ့နည်းလမ်း ဒါမှမဟုတ် တပ်ဆုတ်ထွက်ပြေးတဲ့ နည်းလမ်းကို လက်တွေ့ပိုပြီး ကျင့်သုံးလာတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ဘက်ကလည်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များနဲ့ စစ်ရေးစစ်ရာမှာ အတွေ့အကြုံများစွာ ကြွယ်ဝနေပြီးဖြစ်တဲ့ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအင်အားစုတွေနဲ့ လက်တွဲညီညီ ပူးပေါင်းတိုက်စစ်ဆင် ဖော်ဆောင်နိုင်မှုတွေကိုလည်း ကျယ်ပြန့်စွာ လုပ်ဆောင်လာနိုင်တာကို တွေ့ရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။ ဒါဟာ အနာဂတ်မှာ ဖက်ဒရယ်တပ်မတော် ပေါ်ပေါက်လာစေမယ့် ပထမဆုံး ခြေလှမ်းလို့ဆိုရင်လည်း မမှားနိုင်ပါဘူး။ အကြမ်းဖက်စစ်အုပ်စုက မတရားအာဏာသိမ်းယူထားတဲ့ (၂) နှစ်ကျော် ကာလအတွင်းမှာ နိုင်ငံရေးမတည်ငြိမ်မှုတွေ၊ စီးပွားရေး၊ လူမှုဘဝ အဆင့်အတန်းများ၊ ပြည်သူ့ဝန်ဆောင်မှုများ ပြိုကျ ပျက်စီးခဲ့ရသလို ဒေသတွင်းအတွက်လည်း မတည်ငြိမ်မှုတွေကို ဖြစ်ပေါ်စေပါတယ်။ ဒါပေမယ့် စစ် ကောင်စီဟာ လက်တွေ့ဖြစ်ပျက်နေတာတွေ၊ ပျက်စီးပြိုလဲနေတာတွေ၊ အရှက်တကွဲ ရှုံးနိမ့်မှုတွေကို လိမ်ညာဖုံးကွယ်ပြီး၊ အာဏာကို မစွန့်လွှတ်ရစေရေးအတွက် မိုက်မဲတဲ့လုပ်ရပ်တွေကို ဆက်လက် ကျူးလွန်လျက်ရှိနေတာကို တောင်ပေါ် နဲ့ အညာမြေပြန့်၊ ကျေးလက်နဲ့ မြို့ပြမကျန် ခံစားနေရတာ ဖြစ်ပါတယ်။

ပြည်သူတွေကတော့ စစ်မိစ္ဆာတွေလက်အောက် ဘယ်တော့မှမနေဘူး ဆိုတာကို သူတို့ရဲ့
အနစ်နာခံမှုတွေ၊ ပေးဆပ်မှုတွေ၊ ဝေမျှထောက်ပံ့မှုတွေကနေ မြင်တွေ့နိုင်ပြီး ဒီလို ဉာဏ်ပညာ၊ သတ္တိနဲ့
ပေးဆပ်မှုတွေကပဲ ကျွန်တော်တို့ အမျိုးသားညီညွတ်ရေးအစိုးရရဲ့တော်လှန်ရေးအတွက်၊ ရှေ့ဆက်ပြီး
လုပ်ဆောင်သွားရမယ့် အလုပ်တွေအတွက် ပိုမိုအားရှိစေတဲ့ ခွန်အားတွေ ဖြစ်ရပါတယ်။ ဒီနေရာမှာ
ပြည်သူ့ကာကွယ်ရေးအင်အားစုများ၊ အစိုးရနဲ့ ပုဂ္ဂလိကဝန်ထမ်း CDM များ၊ ပြည် သူ့အုပ်ချုပ်ရေး၊
ဝန်ဆောင်မှုပေးရေးအတွက် လုပ်ဆောင်နေသူများမှသည် ဒေသအကျိုးအတွက် ဖိအားအမျိုးမျိုး၊
အခက်အခဲအမျိုးမျိုးကြားက နိုင်ရာတာဝန်ယူပေးနေကြတဲ့ ပြည်သူများအားလုံးရဲ့မဆုတ်မနစ်
ကြိုးပမ်းမှုများအတွက်လည်း ဂုဏ်ယူလေးစားကြောင်း ပြောလိုပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း
ကြားကာလအုပ်ချုပ်ရေးကို စီမံဆောင်ရွက်တဲ့နေရာမှာ ဝန်ကြီး ဌာနတွေဟာ အရင်းအမြစ်နည်းနည်းနဲ့
စုစုစည်းစည်း ကြိုးစားဆောင်ရွက်နေကြရတာ ဖြစ်ပါတယ်။ အုပ်ချုပ်ရေးနှင့်
ပြည်သူ့လိုအပ်ချက်များပံ့ပိုးရေး၊ ဝန်ဆောင်မှုပေးရေးတို့ဟာ ကြီးမားကျယ်ပြန့်တဲ့
တာဝန်များဖြစ်ပါတယ်။ အစိုးရတစ်ရပ်ကဲ့သို့ ဝန်ထမ်းယန္တရားကြီး တစ်ခုလုံးကို လည်ပတ်
ဆောင်ရွက်နေရတာ မဟုတ်တဲ့အတွက် လိုအပ်ချက်တွေရှိနိုင်ပေမယ့် တတ်နိုင်သမျှ စနစ်လည်းကျ၊
အလုပ်လည်းဖြစ်နိုင်ဖို့ ကြိုးစားရမှာဖြစ်ပါတယ်။ ကြားကာလကော်မတီမှ ဝန်ကြီးဌာနများ အနေနဲ့
လည်း လက်ရှိလုပ်ဆောင်မှုများကို အချိန်နဲ့တပြေးညီ လုပ်ဆောင်ရင်း ပိုမိုကောင်းမွန်မယ့် မူဝါဒ
ညွှန်ကြားချက်တွေနဲ့ စီမံအုပ်ချုပ်နိုင်ဖို့အတွက်လည်း အမြဲမပြတ် စဉ်းစားလုပ်ဆောင်နေကြဖို့
အကြံပြုတိုက်တွန်းလိုပါတယ်။ ၃ နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့
ကြားကာလပြည်သူ့အုပ်ချုပ်ရေးဆိုတာ အခက် ခဲဆုံး၊ အကြမ်းတမ်းဆုံး အခြေအနေမှာ
လမ်းဖောက်ရတာဖြစ်လို့ ချောမွေ့မှုတော့ ရှိမှာမဟုတ်တာ ကို နားလည်လက်ခံထားပြီးသားဖြစ်ပါတယ်။
ဒါပေမယ့်လည်း ကျွန်တော်တို့အစိုးရ တာဝန်ရှိသူများ အချင်းချင်းအကြားမှာ
ခိုင်မာတဲ့ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်

Xxxxxxxxxx


facebook
Like
Comment
Share
Like
Reply
Write a comment...
Christie Spaces

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန

mod@nugmyanmar.org

# သတင်းထုတ်ပြန်ချက်

## Project DragonFly နှင့် ပတ်သက်သော နောက်ဆက်တွဲအခြေအနေများကို အသိပေးထုတ်ပြန်ခြင်း

၂၀၂၃ ခုနှစ်၊ မတ်လ (၃၀) ရက်နေ့

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၏ ဘဏ္ဍာငွေရှာဖွေရေးအစီအစဉ်များတွင် အတတ်ပညာ၊ အသိပညာ၊ ငွေကြေးအားဖြင့် ပါဝင်ကူညီအားဖြည့်ပေးနေကြသူ တစ်ဦးချင်းစီတိုင်း၏ ကြိုးစားအားထုတ်မှုများကို လေးစားစွာဖြင့် အသိအမှတ်ပြုအပ်ပါသည်။

၂။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာ Fundraiser များထံမှ တဆင့် Project DragonFly အတွက် အမေရိကန်ဒေါ်လာ (၂.၂) သန်းတိတိကို လက်ခံရရှိသုံးစွဲလျက်ရှိပါသည်။ ရရှိထားသော ရန်ပုံငွေများကို လေကြောင်းရန်ကာကွယ်ရေးကဏ္ဍအတွက် အမေရိကန်ဒေါ်လာ (၁.၄) သန်းနှင့် တန်ပြန်လေကြောင်းတိုက်ခိုက်ရေးကဏ္ဍအတွက် အမေရိကန်ဒေါ်လာ (၈) သိန်း လျာထား သုံးစွဲလျက်ရှိပါသည်။

၃။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာ Fundraiser များနှင့် ပူးပေါင်းလုပ်ဆောင်ခဲ့သည့် ရန်ပုံငွေရှာဖွေရေးစီမံချက်များမှ ရရှိလာသော ရန်ပုံငွေများကို တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် စနစ်တကျစီမံခန့်ခွဲနေပြီး အလေအလွင့်မရှိ လက်ခံရရှိခဲ့ပါသည်။

၄။ Project DragonFly မှ ရရှိခဲ့သော ရန်ပုံငွေများဖြင့် ပြုလုပ်ခဲ့သည့် စစ်ဆင်ရေးအောင်မြင်မှုများကို လုံခြုံရေးအရ သင့်လျော်သည့် အချိန်များတွင် ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ




တော်လှန်ရေးအတွက်ဆိုပြီးပန်ဆယ်လိုကိုထိုးအပ်ထားတဲ့ရတနာတွေမနည်းလှဘူး..မြင်ကြပြီးမိုးလား..
မနှစ်ကဒေါ် ရိုစီအောင်ပြောဖူးတယ်..ပန်ဆယ်လိုဆီကိုအလည်သွားယင်ရတနာတွေထိုးရောင်းတယ်တဲ့..
အဲ့ဒါတွေအားလုံးက...လှူထားတဲ့ပစ္စည်းတွေချည်းပဲ... NUG ကလဲ
ဒီရတနာတွေကိုတော်လှန်ရေးအတွက် ဒီလောက်အများကြီးပန်ဆယ်လို၉,ထားတဲ့
အဲ့ဒီလှူထားတဲ့ရတနာအကြောင်းဘာမှမသိလိုက်ဘူး..အဲ့လောက်များမယ်လဲမထင်ထားဘူး..
အခုမှအလှူရှင်ပေါင်းများစွာကထအော်ကြတော့မှဒီရတနာတွေကဖုံးမနိုင်ဖိမရထွက်လာမှ NUG
ကလဲပါးစပ်ဟောင်းလောင်ဖြစ်ရတယ်..

ဒီယုန်မြင်လို့ဒီခြုံထွင်ထားတဲ့ပန်ဆယ်လိုကလဲ..ဒီအချိန်မှာသူ့ကိုမဟ,ရဲအောင်..အစကတည်းက..အလှူခံပြီး NUG ကိုပစ်ကျွေးထားတာ..စားထားမိတဲ့ NUG
ဝန်ကြီးတွေကလဲအခုမှကြက်ကြီးလည်လိမ်ခံထားရသလိုငုတ်တုပ်တွေမေ့ကုန်ရပြီး..ဘာမှမဟ,ရဲကြတော့ဘူး.. ပန်ဆယ်လိုဆိုတာမအိုင်ရင်းလိုဝူးတူးဝါးတားမဟုတ်ဘူး..စနစ်ကျတယ်..
သူ့ကိုထိခိုက်လာယင်အောက်ဖဲလှန်ပစ်နိုင်အောင်လို့ စနစ်တကျစီမံထားပီး ပစ်ကျွေးထားတာကို NUG
ဝန်ကြီးတွေက..ငမ်းငမ်းတက်ဟပ်,မိထားတာကိုး..ပန်ဆယ်လို..အောက်ဖဲတစ်ချပ်လှန်လိုက်တာနဲ့NUG
တစ်ဖွဲ့လုံးမြောင်းထဲအရောက်ပဲမဟုတ်လား..
ပန်ဆယ်လိုကတကယ်ပြန်ဆော်မယ်ဆိုတာကြောင်းကောင်းသိတယ်.. NUG
တစ်ဖွဲ့လုံးတော်လှန်ရေးအတွက်လှူထားတဲ့ဒီရတနာပစ္စည်းတွေနဲ့ပတ်သတ်လို့မေးခွန်းမဟ,ရဲတော့မှထပြီးလေလံပစ်တယ်..
ဒီရတနာတွေကိုကြိတ်ဝိုင်းမှာဘယ်လောက်တောင်ထိုးရောင်းခဲ့ပြီးပြီးလဲသူပဲသိမယ်..
အခုလိုပေါ်ပေါ်ထင်ထင်လေလံပစ်တော့လဲ..မထင်မရှားအလှူရှင်တွေရဲ့ရတနာပစ္စည်းတွေ...သူလိုချင်တဲ့ပစ္စည်းတွေဆိုယင်၂မိနစ်၃မိနစ်အတွင်းပေါပေါပဲပဲဈေးနဲ့..sold out ဖြစ်ကုန်သတဲ့..အလှူတဲ့ပိုင်ရှင်တွေကမျက်ရည်စက်လက်ဖြစ်ကုန်ရတယ်..
မကျေနပ်လို့ကိုယ်ပစ္စည်းကိုယ်ပြန်ဝယ်မယ်ဆိုတဲ့သူတွေကိုကျတော့လေလံဈေးကိုမတန်တဆဈေးခေါ် ပြီးပြန်ညှစ်ယူတယ်..
တော်လှန်ရေးဦးသျှောင်ကြီးတစ်ခုလုံးကော..တော်လှန်ရေး..အောင်မြင်လွန်းအာကြီးလို့လှူလိုက်ကြတဲ့အလှူရှင်တွေအားလုံးလဲပန်ဆယ်လိုလက်ထဲမှာဖွံ့ကျချင်သလိုကျတာခံရပြီး...လိုသလိုသွန်ချည်မှောက်ချည်ခံနေရပြီးမဟုတ်လား..

Xxxxxxxxxxxxx

ပဆလိမ် သာခိုမ ဒလန်မ သူ့အဘတွေဆီက သတင်းရလို့အချိန်မီ ပန်းနုသွေး ဖြူစင်သူလေးလုပ်ပြီး အနိုင်ပိုင်းဖို့ကြံစည်တာ ကိုကြည့်ရင် ဒလန်အစစ်က သူဘဲ။ ခုလည်း စကစ တောင်းဆိုမှုကြောင့် တရုတ်ကြီးတို့ က မြောက်ပိုင်း ၇ဖွဲ့ကို အပစ်ရပ်ခိုင်းထားလိုက်ပြီ။ ဒါကို မရနသ ကဘူမသိကိုးမသိနဲ့ ထည့ော်နေတယ်။ သူကအဝေးကနေ ပြောချင်ရာပြောနေတာ။ လက်တွေ့မြေပြင်မှာ ရှိနေတဲ့ ပီဒီအက်ဖ်တွေကို နေစရာ စားစရာ၊သင်တန်းတွေပေးပြီး ကာကွယ်ပေးနေတဲ့ ERO တွေ ငြိုငြင်ရင် ဆိုးကျိုးတွေ့မှာ ပီဒီအက်ဖ်လေးတွေဘဲ။ ဒါပေမယ့် တိုင်းရင်းသား ERO တွေ က သူ့လို သောက်ကျင့်မယုတ်ဘူး၊ လိုတမျိုးမလိုတမျိုးမပြောဘူး။ စေတနာ အရင်းခံနဲ့ ကူညီပေးနေတာ တလရ အစကတည်းက ခုထိတိုင်ဘဲ။ စဆရက လုပ်မယ်ဆိုလည်းအကျိုးဆက်ကိုကြည့်ပါ။ ဘယ်သူမပြုမိမိမှုဘဲ အပြစ်ပြောမယ်ဆို ကိုယ့်ဟာကိုယ်ပြန်ဆန်းစစ်၊ ပဲခူး ပရောဂျက် လည်းပိုက်ဆံတွေသာရသွားတယ် ဘာလုပ်လိုက်မှန်းလည်းမသိ။ ခိုးထုပ်ခိုးထည် မိတဲ့ ပဆလိမ် ဘက်ကလည်းအရှက်မရှိ ထွက်ကာပေး

သေး။ ကိုယ့်ဟာကိုယ် အီးဘေးက ပစ္စည်းအဟောင်းလေးတွေဝယ်ပြီး
ပြည်သူတွေကိုဂျင်းထည့်အလှူခံနေတာဘဲ ဆက်လုပ်နေပါ😂ဒီလိုအခြေအနေမျိုး ထိ ရောက်လာအောင်
လုပ်တဲ့ နုကြည် ကိုသာအပြစ်ပြောရမှာ တလရ ကာလ ၂နှစ်ကျော်ကြာတဲ့အထိ ပြည်သူတွေ ၊
ပီဒီအက်ဖ်လေးတွေ တောင့်ခံပြီးတွန်းလှန် ခုခံနေတာ။ တလရ တပ်ဦး နေရာယူပြီး ပြည်သူတွေကို
လိမ်လည် လှည့်ဖြား ကိုယ်ကျိုးရှာနေတဲ့ နုကြည် တဖွဲ့လုံးက သမိုင်းတရာခံဘဲ
xxxxxxxxxxxxxxxxxxxx


Valarie Gomez
Valarie Gomez
Pencilo
Volunteer
Kentucky State, Bowling Green town
Tip
Write a comment...

[(20+) Watch | Facebook](https://www.facebook.com/watch/?v=2777595409041935)

https://www.facebook.com/watch/?v=2777595409041935






Xxxxxxxxxxxxx

🚩Federal Wings ဘယ် လို စခဲ့ လဲ 2021 မေလ ကုန်လောက်မှာ NLD လွှတ်တော်အမတ်လည်းဖြစ် ၊ တော်လှန်ရေးကာလ ဒေါန အရှေ့ခြမ်း သင်တန်းမှူးလည်းဖြစ်သည့် ဆရာချစ်ငြိမ်းနှင့် Donor တွေတိုင်ပင်ပြီး Drone Project ကို စတင်ခဲ့ကြပါတယ်။ အဲဒီ အချိန်ကာလကတည်းက ဆရာချစ်ငြိမ်းက ကာကွယ်ရေးဝန်ကြီးဖြစ်တဲ့ ဦးရည်မွန်၊ ယခင် ဒုဝန်ကြီးဖြစ်တဲ့ ဒေါ်ခင်မမမျိုး၊ ပြည်ထဲရေးဝန်ကြီးဖြစ်တဲ့ ဦးလွင်ကိုလတ် တို့ကို အကြောင်းကြားပြီးစခဲ့ကြတာပါ။ 🚩First Flight 4th,September, 2021 မှာ ကျွန်တော်တို့ project ရဲ့ပထမဦးဆုံး Flight Test ကို အောင်မြင်စွာနဲ့ စတင်ပျံသန်းနိုင်ခဲ့ပါတယ်။ အဲဒီမှာ Drone နာမည်ကို Federal Wings လို့ပေးခဲ့ပါတယ်။ တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ လိုလားတောင်းတတဲ့ Federal Democracy ကို ယူပေးမယ့်တောင်ပံတွေဆိုတဲ့ အဓိပ္ပါယ်နဲ့ပါ။ 🚩ပထမ အကြိမ် NUG နှင့်တွေ့ ဆုံ မှု 15th,Sept,2021 မှာ ပြည်ထဲရေးဝန်ကြီး ဦးလွင်ကိုလတ် နှင့်တွေ့ခွင့်ရပြီး ကနဦးပျံသန်းနိုင်နေပြီဖြစ်တဲ့ Drone ကို တိုက်ပွဲဝင်အဆင့်ရောက်ဖို့ ထပ်မံစမ်းသပ်ပျံသန်းနိုင်အောင် အကူအညီတောင်းရာမှာတော့ ဝန်ကြီးတစ်ယောက်အနေနဲ့ ငွေအား ၊ ပညာအား ၊ လုပ်အားတွေနဲ့ ဝိုင်းဝန်း ကြိုးစားနေတဲ့လူငယ်တွေကို အားပေးရမဲ့အစား သူတို့မှာ ဒေါ်လာ (5) သိန်းတန် project ရှိနေ ပြီဖြစ်ကြောင်းနှင့် ဒီလို Drone မျိုးတွေဟာ အရေးကြီးနေရာတွေမှာ သုံးမရကြောင်း ပြောဆိုခဲ့ပါတယ်။ ကိုယ့်တော်လှန်ရေးခေါင်းဆောင်တစ်ယောက်က ဒီလိုမျိုးပစ်စလတ်ခတ်ပြောဆိုတာကိုခံခဲ့ရပေမယ့် သူတို့မှာ ပိုကောင်းတာတွေရှိလို့နေမှာပါလို့ဖြည့်တွေးပြီး ခံပြင်းစိတ်ကိုမျိုသိပ်ရင်း ငါတို့တော်လှန်ရေးပဲ ရှေးရှုကြမယ်ဆိုတဲ့ခံယူချက်နဲ့ ဆက်လက်ကြိုးစားခဲ့ကြပါတယ်။ အဲဒီနောက်မှာတော့ အကြောင်းအမျိုးမျိုးကြောင့် စမ်းသပ်ပျံသန်းခွင့်တွေမရဘဲ နေခဲ့ကြရပါတယ်။ 🚩ကျ နော် တို့ ပြေး ရပြီ 16th December, 2021မှာ လေးကေ့ကော်တိုက်ပွဲဖြစ်တော့ ကျွန်တော်တို့လည်း နိုင်သလောက်

စမ်းသပ်ဆဲ Drone တွေထမ်းပြီး ပြေးခဲ့ကြရတယ်။ ချက်ချင်းသယ်မသွားနိုင်လို့ ကျန်နေတဲ့ drone ပစ္စည်းအချို့ကို တိုက်ပွဲကြားထဲကနေပြန်ယူပြီး ပြန်လည်တပ်ဆင်ဖို့အတွက် အစီအစဉ်ဆွဲခဲ့ပေမယ့် ကျွန်တော်တို့အတွက် နေရာအခြေအနေ အဆင်မပြေခဲ့ပါဘူး။ ကျွန်တော်တို့နဲ့ပါဝင်တဲ့ ဆရာချစ်ငြိမ်းလည်း အခြားနေရာကို အခြားရာထူးနဲ့ ရွှေ့ပြောင်းသွားခဲ့ရတဲ့အတွက် ကျန်ခဲ့တဲ့ကျွန်တော်တို့တွေလည်း Drone ကို Upgrade ထပ်လုပ်ဖို့ ထပ်မံစမ်းသပ် နိုင်ဖို့နဲ့ လုံခြုံရေးအတွက် နေရာထိုင်ခင်းတွေကြိုးစားရှာဖွေခဲ့ရင်း အဆက်အသွယ်အဆင်ဆင့် နဲ့ KNU/KNLA မှ ဒုဗိုလ်မှူးကြီး အဘိုးရန်နိုင်နဲ့ အတီးဘောဘိုး တို့ကိုသိရှိခွင့်ရခဲ့ပါတယ်။ 🚩တိုက် ပွဲ ဝင် နိုင် ပြီ သူတို့နှစ်ဦးရဲ့ ကူညီစောင့်ရှောက်မှုနဲ့ လုံခြုံစိတ်ချစွာ ဆက်လက်စမ်းသပ်နိုင်ခဲ့ပြီး တိုက်ပွဲဝင်နိုင်တဲ့ Drone အဆင့်ကို ရောက်ရှိခဲ့ပါတယ်။ April,2022 မှာတော့ FW Drone တွေကိုအသုံးပြုပြီး KNU/KNLA တပ်မဟာ (၆) နဲ့ တပ်မဟာ (၃) နယ်မြေများမှာ Mission များ စတင်ဖော်ဆောင်နိုင်ခဲ့ကြပါတယ်။ 🚩ဒုတိယအကြိမ် NUG နှင့် ညှိနှိုင်းခြင်း 2022 မေလလယ်လောက်မှာ ထပ်မံပြီး ကျွန်တော်တို့ FW ရဲ့အဓိက တိုက်ပွဲဝင်နိုင်ပြီဖြစ်တဲ့ drones တွေအပြင် လေ့ကျင့်တပ်ဆင်ပြီးသား sniper အဖွဲ့တွေကိုပါ MOD, NUG တို့ကို အပ်ဖို့ ကြိုးစားခဲ့ကြပါသေးတယ်။ ဒါ့အပြင် နောက်ထပ် ပိုကောင်းတဲ့ Drone တွေတည် ဆောက်ဖို့ နဲ့ Drone အသစ်တွေအတွက်ကုန်ကျငွေတွေကို FW Donor တွေက စိုက်ထုတ်ပေးပြီး Donor တွေကို NUG Bond အဖြစ် ပြန်လည်ထုတ်ပေးဖို့အစီအစဉ်ကို ဝန်ကြီးချုပ် ဦးမန်းဝင်းခိုင်သန်း ၊ ကာလုံကာ ဉက္ကဋ္ဌနှင့် ဆက်သွယ်ရေး၊သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီး ဦးထင်လင်းအောင် တို့မှတဆင့် ညှိနှိုင်းခဲ့ကြပေမယ့် Policy မရှိဟုဆိုကာ MOD နှင့် MOPFI မှ ပယ်ချခံခဲ့ရပါတယ်။ 🚩တိုက်ပွဲဝင်နိုင်ပြီဖြစ်တဲ့ Drone Project တွေ ဒီအတိုင်းရပ်တန့်မထားနိုင်လို့ ရှေ့ဆက်ဖို့ကြိုးစားကြ ပြီ တိုက်ပွဲဝင်အဆင့်ရောက်နေတဲDrone တွေကို တော်လှန်ရေးအတွက် တကယ်သုံးနိုင်ဖို့ ကျွန်တော်တို့တွေ donor တွေ Fundraiser တွေနဲ့ပေါင်းပြီး နည်းလမ်းမျိုးစုံနဲ့အဖြေရှာခဲ့ကြပါတယ်။ နောက်ဆုံး အကောင်းဆုံးဖြစ်နိုင်မယ့် Public Fundraising လုပ်ဖို့အပြင် ရှိပြီးသားအမာခံ Donor တွေကလဲ အတတ်နိုင်ဆုံး ဆက်လက်ထောက်ပံ့ကြဖို့ အဖြေထွက်လာခဲ့ကြပါတယ်။ အဲဒီကစပြီး ကျွန်တော်တို့ အဖွဲ့နာမည်ကိုလဲ Drone ကိုပေးထားတဲ့ Federal Wings ဆိုပြီး ပေးခဲ့ကြပါတယ်။ 🚩NUG မှ အကူ အညီ ကျွန်တော်တို့အခြေအနေကို နားလည်ပြီး အရင်ကတည်းက အကူအညီတွေ ပေးနေခဲ့တဲ့ NUG က ဝန်ကြီးချုပ် ဦးမန်းဝင်းခိုင်သန်း နဲ့ ဆက်သွယ်ရေး၊သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီး ဦးထင်လင်းအောင် တို့က တတ်နိုင်သမျှကူညီမယ်ဆိုပြီး Fund ရရှိရေး၊ ဆက်သွယ်ရေးပစ္စည်းရရှိရေးနှင့် အချို့သောနည်းပညာအထောက်အပံ့တွေနဲ့ ကျွန်တော်တို့အဖွဲ့ကိုကူညီပေးခဲ့ကြပါတယ်။ 🚩First Conflict ဒါပေမဲ့ Public Fundraising ထွက်ခါနီး

ရက်ပိုင်းအလို Aug 2022 လကုန်ပိုင်းလောက်မှာ bond ပေးဖို့ငြင်းခဲ့တဲ့ထဲကတစ်ယောက်က ပြန်ဆက်သွယ်လာပြီး သူ bond ပေးနိုင်ကြောင်းနဲ့ သူတို့ project နှင့်ပူးတွဲအလှူခံဖို့ ညှိနှိုင်းလာခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဘက်ကလည်း MOCIT နဲ့ Public Fundraising လုပ်ဖို့အတွက်ပြင်ဆင်ပြီးပြီမို့ သူတို့နှင့်ပူးတွဲ အလှူခံဖို့နောက်ကျ သွားပြီဖြစ်ကြောင်းနှင့် Main Fundraiser (၃) ဦးပေါင်းပြီး Fundraising လုပ်မယ့် plan ကို ပူးတွဲလုပ်ကြဖို့ counter offer လုပ်ခဲ့ပေမယ့် သူက လက်ခံခဲ့ခြင်းမရှိခဲ့ပါဘူး။ 🚩CRPH OFP မှ ဦးဆောင်သူတစ်ဦးဖြစ်တဲ့ ကို (KAP) မှ Federal Wings အပါအဝင် MOD လက်အောက်မှာမရှိသော တော်လှန်ရေးသမားများကို စော်ကားမှု Project Skywalk ရဲ့ official campaign Live မှာ သူတို့ကိုသာလှူကြရန် နှင့် တခြား MOD အောက်မဟုတ်သော တော်လှန်ရေးသမားများကို မလှူကြရန်သဘောနဲ့ပြောကြားပြီး ကျွန်တော်တို့လို MOD လက်အောက်ခံမဟုတ်တဲ့ တော်လှန်ရေးအဖွဲ့ များကို ပုတ်ခတ်စော်ကားခဲ့ပါတယ်။ ဒါကို ဖြေရှင်းပေးဖို့အတွက် CRPH OFP ကို FW Page ကနေပဲ public request လုပ်ပြီး တောင်းဆိုခဲ့သော်လည်း MOD က

Xxxxxxxxxx





တောင်ပိုင်းစစ်ဒေသတွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲကို အောင်မြင်စွာ ပြုလုပ်ကျင်းပ
ရန်ကုန်၊ မတ် ၂၈
တောင်ပိုင်းစစ်ဒေသ၊ စစ်ဒေသခွဲ အမှတ် ၃ အတွင်းရှိ အမျိုးသား ညီညွတ်ရေး အစိုးရ၊ ပညာရေး ဝန်ကြီးဌာနနှင့် ကာကွယ်ရေး ဝန်ကြီးဌာနတို့ ပူးပေါင်းကာ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အောင်မြင်စွာ ပြုလုပ် ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

တက္ကသိုလ်ဝင်တန်း စာမေးပွဲကို တောင်ပိုင်းစစ်ဒေသ၊ စစ်ဒေသခွဲ အမှတ် ၃ အတွင်းရှိ ပြည်သူ့ကာကွယ်ရေးတပ်မတော် PDF ရဲဘော်၊ ရဲမေများနှင့် ဒေသခံပြည်သူများမှ ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း၊ စာမေးပွဲဖြေဆိုသည့် ကာလအတွင်းတွင်လည်း ဝင်ရောက်ဖြေဆိုသည့် ရဲဘော်၊ ရဲမေများနှင့် ဒေသခံပြည်သူများအတွက် လုံခြုံရေးနှင့် အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှုများကို စနစ်တကျစုဖွဲ့ပြင်ဆင်ထားရှိခဲ့ပြီး နယ်မြေခံ စစ်ကြောင်းမှ PDF ရဲဘော် များက တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

Xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

# Tues 15:42

## DrKyaw




နိုင်ငံတကာအသိမှတ်ပြုတရားဝင်အစိုးရတစ်ခုထံတွင်အနည်းဆုံး လုပ်ငန်းအမည်မှတ်ပုံတင်ထားသောကျောင်းကပေးသောအရည် အချင်းကိုသာနိုင်ငံတကာတွင်တရားဝင်အရည်အချင်းအဖြစ်သတ် မှတ်ကြသည်။တရားဝင်

အစိုးရအသိမှတ်ပြုတရားဝင်ပညာရပ်အဖွဲ့အစည်း၏Accreditati on လည်းလိုအပ်သည်။